# နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်က COVID-19 ကြောင့် ဖြစ်ပွားသော အဆုတ်ရောင်ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးနှင့် နိုင်ငံတော်၏စီးပွားရေးဆိုင်ရာ အခြေအနေများနှင့် စပ်လျဉ်း၍ ပြည်သူလူထုသို့ အစီရင်ခံတင်ပြသည့် မိန့်ခွန်း

[၂၀၂၀ ပြည့်နှစ်၊ မတ်လ ၁၆ ရက်၊ သမ္မတအိမ်တော်၊ နေပြည်တော်]

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ပြည်သူ၊ ပြည်သားအပေါင်းတို့ ရှင့်–

COVID–19 ရောဂါနဲ့ပတ်သက်ပြီး ကျွန်မတို့ မြန်မာနိုင်ငံ ရင်ဆိုင်နေရတဲ့၊ ကျန်းမာရေး၊ လူမှုရေး၊ စီးပွားရေးစိန်ခေါ်မှုတွေကို နိုင်ငံတော်အစိုးရနဲ့ ပြည်သူတွေ အကောင်းဆုံး ပူးပေါင်းကိုင်တွယ် ဖြေရှင်းနိုင်ရေးနဲ့ပတ်သက်လို့ အစီရင်ခံ တင်ပြသွားမှာဖြစ်ပါတယ်။

မတ်လ(၁၁)ရက်နေ့က ကမ္ဘာ့ကျန်းမာရေးအဖွဲ့ (World Health Organization–WHO)က တစ်ကမ္ဘာလုံးဆိုင်ရာကပ်ရောဂါ (Pandemic) အဖြစ် ထုတ်ပြန်ကြေညာလိုက်ပါတယ်။ ဒီကပ်ရောဂါဟာ စနစ်တကျ စီမံဆောင်ရွက်ရင် ထိန်းချုပ်လို့ရတဲ့ ကပ်ရောဂါဖြစ်တယ်လို့လည်း ပြောပါတယ်။ ဒီမတိုင်မီ တစ်လကျော်၊ ဇန်နဝါရီလ (၃၀) ရက်နေ့

ကတည်းကပင် COVID-19 ရောဂါကြောင့် ကျွန်မတို့နိုင်ငံ ရင်ဆိုင်နိုင်ဖွယ်ရှိတဲ့ ကျန်းမာရေး၊ လူမှုရေး၊ စီးပွားရေးစိန်ခေါ်မှုတွေကို ဘယ်လိုကာကွယ်၊ ကိုင်တွယ်ကျော်လွှားရမယ်ဆိုတာကို ညှိနှိုင်းစီစဉ်ဖို့ ဗဟိုကော်မတီကို ဖွဲ့စည်းခဲ့ပါတယ်။ ထိုအချိန်ကစပြီး ကျွန်မတို့နိုင်ငံအပေါ်ကျရောက်နိုင်တဲ့ ကျန်းမာရေး၊ လူမှုရေး၊ စီးပွားရေး အခက်အခဲများကာကွယ်ဖြေရှင်းရေးကို မျက်ခြေမပြတ် လေ့လာဆောင်ရွက်ခဲ့ပါတယ်။ နိုင်ငံအတွင်း ရောဂါမပျံ့ပွားအောင် ကာကွယ်စောင့်ရှောက်မှုများနဲ့ ပြည်သူများ COVID-19 နဲ့ ပတ်သက်တဲ့ အသိပညာရရှိရေးအတွက် ကျန်းမာရေးနဲ့ အားကစားဝန်ကြီးဌာနက ဦးစီးဆောင်ရွက်ခဲ့ပါတယ်။ ပြည်သူတွေအကျိုးအတွက် ရောဂါဖြစ်ပွားမှုများနေတဲ့ နိုင်ငံများမှ ဝင်ရောက်လာမယ့် ခရီးသွားများကိုလည်း လိုအပ်တဲ့ ကန့်သတ်မှုများကို အချိန်နဲ့တစ်ပြေးညီ ဆောင်ရွက်နေပါတယ်။

နိုင်ငံအပေါ် စီးပွားရေးအရ သက်ရောက်နိုင်ခြေတွေကိုလည်း သုံးသပ်ပြီး၊ ကြိုတင်ပြင်ဆင်နိုင်တာတွေကို ပြင်ဆင်ဖို့အတွက် စီမံ

ဘဏ္ဍာဝန်ကြီးဌာန၊ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနနဲ့ အခြားဆက်နွယ်နေသော အစိုးရဝန်ကြီးဌာနများ ညှိနှိုင်းလုပ်ဆောင်ခဲ့ကြပါတယ်။ ဝန်ကြီးဌာနအသီးသီးရဲ့ ဆောင်ရွက်ချက်များနဲ့ပတ်သက်ပြီး ဌာနအလိုက် ပြည်သူတွေထံ တင်ပြဖို့လည်း ကျွန်မတို့စီစဉ်ထားပါတယ်။

ကမ္ဘာ့ကျန်းမာရေးအဖွဲ့ရဲ့ ကြေညာချက်ကို အကြောင်းပြုပြီး၊ COVID–19 ရောဂါကြောင့် ကျွန်မတို့နိုင်ငံတွင်းသာမက၊ ကမ္ဘာတစ်ဝှမ်း၌ ဖြစ်နိုင်ခြေရှိတဲ့ ကိစ္စအရပ်ရပ်ကို ပိုမိုထိရောက်ကျယ်ပျံ့စွာ သုံးသပ်၊ ကိုင်တွယ်နိုင်ဖို့အတွက် မတ်လ (၁၃) ရက်နေ့မှာ၊ ဇန်နဝါရီလ (၃၀) ရက်နေ့က ဖွဲ့ခဲ့တဲ့ ဗဟိုကော်မတီကို အမျိုးသားအဆင့် တိုးမြှင့်ဖွဲ့စည်းလိုက်ပြီး၊ ကော်မတီဥက္ကဋ္ဌအဖြစ် ကျွန်မတာဝန်ယူဆောင်ရွက်နေပါတယ်။ မတ်လ (၁၃) ရက်နေ့မှာပဲ၊ နိုင်ငံတော်သမ္မတရုံးက ပြည်သူသို့ ပန်ကြားချက် ထုတ်ပြန်ခဲ့ပါတယ်။ COVID–19 ရောဂါတားဆီးဖို့အတွက် အဓိကကျလှတဲ့ လူစုလူဝေး မဖြစ်စေရေး ရည်ရွယ်ပြီး၊ လူစုလူဝေးဖြင့် ကျင်းပတဲ့ အခမ်းအနားများ၊ ပွဲလမ်းသဘင်များ (မြန်မာ့ရိုးရာ သင်္ကြန်

ပွဲတော်အတွက် မဏ္ဍပ်ဆောက်လုပ်ပြီးကျင်းပခြင်းအပါအဝင်) မပြုလုပ်ဖို့ ညွှန်ကြားချက်ထုတ်ပြန်ခဲ့ပါတယ်။ ထို့အပြင် ကျန်းမာရေးနဲ့အားကစား၊ သာသနာရေးနဲ့ယဉ်ကျေးမှု၊ ပညာရေးစသော ဌာနအသီးသီးက မိမိတို့နဲ့ သက်ဆိုင်တဲ့ ကိစ္စရပ်များနဲ့ပတ်သက်လို့ ညွှန်ကြားချက်တွေကို အခါအားလျော်စွာ ထုတ်ပြန်လျက်ရှိပါတယ်။

စီးပွားရေးနဲ့ပတ်သက်လို့လည်း၊ ပြည်သူပြည်သားများ မနစ်နာစေဖို့၊ တတ်နိုင်သမျှ ကျွန်မတို့ အလုပ်သမားများ အလုပ်လက်မဲ့ မဖြစ်စေဖို့၊ အလုပ်ရုံများ ဆက်လက်လည်ပတ်နိုင်ဖို့၊ နိုင်ငံ့စီးပွားရေး လည်ပတ်မှုကို ထိခိုက်မှု အနည်းဆုံးဖြစ်စေဖို့ကို ရည်ရွယ်ပြီး၊ အခွန်အကောက် ဖြေလျှော့ခြင်း၊ အတိုးနှုန်းလျှော့ချခြင်း စသည့်တို့ကို ဆောင်ရွက်မှာ ဖြစ်ပါတယ်။ COVID-19 ကြောင့် စီးပွားရေးထိခိုက်မှု အများဆုံး ကြုံတွေ့ရနိုင်တဲ့ လုပ်ငန်းများ (CMP လို့အများကသိကြတဲ့ ကုန်ကြမ်းပေး ကုန်ချောယူ လက်ခစားစနစ်၊ ဟိုတယ်နဲ့ခရီးသွားလာရေး လုပ်ငန်းများ၊ အသေးစားနဲ့ အလတ်စား စီးပွားရေးလုပ်ငန်းများ)အတွက် အထူး

သက်သာသော အတိုးနှုန်းဖြင့် ချေးငွေများနဲ့ အခွန်ကင်းလွတ်ခွင့် ရရှိနိုင်ရေး စီမံပေးသွားပါမယ်။ ဒါ့အပြင် ပို့ကုန်လုပ်ငန်းများမှ ကြိုတင်ကောက်ခံတဲ့ ဝင်ငွေခွန် ၂ ရာခိုင်နှုန်းကိုလည်း ယခုဘဏ္ဍာနှစ်ကုန်အထိ ကင်းလွတ်ခွင့်ပေးသွားမှာ ဖြစ်ပါတယ်။

ကျွန်မတို့ ပြည်သူပြည်သားတွေအနေနဲ့လည်း တတ်နိုင်သမျှ ပူးပေါင်း ပါဝင်ထည့်ဝင်နိုင်စေမယ့် COVID-19 ကာကွယ်၊ ကုသ၊ ထိန်းချုပ်ရေးဆိုင်ရာ ရန်ပုံငွေတစ်ရပ်ကို ထူထောင်သွားမှာဖြစ်တဲ့အတွက် စေတနာရှင်ပြည်သူများအနေနဲ့ မိမိတို့တတ်နိုင်သမျှ ထည့်ဝင် လှူဒါန်းနိုင်ဖို့လည်း တိုက်တွန်းနိုးဆော်အပ်ပါတယ်။ ယခုအချိန်မှာ အစိုးရ ခြေလှမ်းတွေဟာ လောလောဆယ် လိုအပ်ချက်များကို တွက်ဆပြီး လှမ်းရတာဖြစ်ပေမယ့်၊ နိုင်ငံရဲ့ရေရှည်အကျိုးကို မျက်ခြေမပြတ် အမြဲ လုပ်ဆောင်နေပါကြောင်းကို ကျွန်မတို့ပြည်သူတွေကို အသိပေးလိုပါတယ်။

စောစောက ကျွန်မပြောခဲ့တဲ့အတိုင်းပဲ ဝန်ကြီးဌာနအသီးသီးက ညွှန်ကြားချက်များ ထုတ်ပြန်ခြင်း၊ ညွှန်ကြားချက်များရဲ့ ရည်ရွယ်ချက်တွေကို ရှင်းလင်းတင်ပြခြင်း၊ လိုအပ်တဲ့ အစီအစဉ်တွေ ချမှတ်ခြင်း စသည်တို့ကို တစိုက်မတ်မတ်ပြုလုပ်သွားမှာ ဖြစ်ပါတယ်။ ကျွန်မအနေနဲ့ ဒီနေရာမှာ COVID-19 ကာကွယ်ထိန်းချုပ်ရေး၊ နိုင်ငံနဲ့ပြည်သူတွေအပေါ် ဒီရောဂါရဲ့ဆိုးကျိုးတွေ နည်းနိုင်သမျှ နည်းစေရေးအတွက်အရေးအကြီးဆုံး ဖြစ်တဲ့အချက်ကို တင်ပြချင်ပါတယ်။ ဒါကတော့ရိုးရိုးရှင်းရှင်းပါပဲ။ ပြည်သူသာလျှင် အဓိကပါ။ အစိုးရက ဘယ်လိုကောင်းမွန်တဲ့ အစီအစဉ်တွေပဲ ချမှတ်ချမှတ်၊ အမှန်တကယ် ထိရောက်အောင်မြင်ဖို့ ဆိုရင်၊ ပြည်သူတွေ ပူးပေါင်းပါဝင်မှုဖြစ်မယ်ဆိုတာ ကျွန်မအကြိမ်ကြိမ် ပြောခဲ့ဖူးတဲ့ စကားဖြစ်ပါတယ်။ အခု COVID-19 နဲ့ပတ်သက်လို့ ဒီစကားကို အထူးအလေးထားစေလိုပါတယ်။

ကျန်းမာရေးလိုအပ်ချက်အရ မလိုအပ်ဘဲ လူစုလူဝေး မဖြစ်အောင် လိုက်နာဆောင်ရွက်ဖို့မှာ ပြည်သူတွေကအဓိကပါ။ ကျန်းမာရေးဝန်ကြီး

ဌာနရဲ့ ညွှန်ကြားချက်တွေကို တိတိကျကျလိုက်နာရေးမှာ ပြည်သူတွေက အဓိကပါ။ ယခုလိုအချိန်အခါမျိုးမှာ မတိကျမမှန်ကန်တဲ့ သတင်းတွေ မပြန့်ပွားရေး ဆောင်ရွက်ရာမှာလည်း ပြည်သူတွေက အဓိကပါ။ အစိုးရိမ်လွန်ပြီး၊ ရိက္ခာစုဆောင်းရေးကဲ့သို့သော မတည်မငြိမ်ဖြစ်စေမယ့်လုပ်ရပ်များမဖြစ်ပေါ်ရေးမှာလည်း ပြည်သူတွေက အဓိကပါ။ ယခုအထိ ကျွန်မတို့နိုင်ငံမှာ COVID-19 ရောဂါရရှိနေသူ တစ်ဦးတစ်ယောက်မှ မတွေ့ရသေးပါ။ (ဒီကိစ္စနဲ့ပတ်သက်လို့ ကျန်းမာရေးဝန်ကြီးဌာနက အချိန်နဲ့တစ်ပြေးညီ သတင်းထုတ်ပြန်ပေးနေပါတယ်။)

ပြည်သူတွေ အပြည့်အဝပူးပေါင်းဆောင်ရွက်မယ်ဆိုရင် ကျွန်မတို့ရဲ့ ကာကွယ်ထိန်းချုပ်ရေး အစီအစဉ်များကို အောင်အောင်မြင်မြင် အကောင်အထည်ဖော်နိုင်မှာပါ။ နိုင်ငံတစ်နိုင်ငံရဲ့ အဓိကအင်အားဟာ ပြည်သူတွေဖြစ်ပါတယ်။ ကျွန်မတို့နိုင်ငံဟာ အင်အားကြီးနိုင်ငံ မဟုတ်ပါဘူး။ ငြိမ်းချမ်းရေး၊ ဖွံ့ဖြိုးရေး၊ ဒီမိုကရေစီအရေး စသဖြင့် လုပ်ငန်းစဉ်အမျိုးမျိုးကိုလည်း တစ်ပြိုင်နက် ကိုင်တွယ်ဖြေရှင်း နေရပါတယ်။

ဒီအခက်အခဲတွေကြားက အရင်းအမြစ်ကြွယ်ဝလှတဲ့ နိုင်ငံကြီးများနဲ့ ယှဉ်ပြိုင်စေနိုင်တဲ့ **“ပြည်သူသာလျှင်အဓိက”**ဆိုတဲ့ အင်အားနဲ့ပြည့်ဝနေတယ်ဆိုတာကို ယခုကမ္ဘာ့ကပ်ရောဂါကြီးကို ရင်ဆိုင်ရာမှာ ကျွန်မတို့ သက်သေပြနိုင်မှာဖြစ်ပါတယ်။

ယခုလို COVID-19 ရင်ဆိုင်နေရချိန်မှာ၊ နိုင်ငံတော်အကျိုးအတွက် ကျွန်မတို့အစိုးရနဲ့အတူ ရပ်တည်ပေးကြတဲ့၊ ပူးပေါင်းဆောင်ရွက်နေကြတဲ့ ပြည်သူပြည်သားတွေ၊ အဖွဲ့အစည်းတွေ၊ နိုင်ငံ့ဝန်ထမ်းတွေ၊ အလုပ်သမားတွေ၊ စီးပွားရေးလုပ်ငန်းရှင်တွေ၊ အလွှာအသီးသီးက အသိပညာရှင်၊ အတတ်ပညာရှင်တွေအားလုံးကို ကျေးဇူးတင်ကြောင်း ပြောကြားလိုပါတယ်။ ကျွန်မတို့အစိုးရရဲ့ လုပ်ဆောင်ချက်များ၊ ပန်ကြားချက်များကို ပြည်သူတွေသိရှိနေဖို့အတွက် စဉ်ဆက်မပြတ် သတင်းဖြန့်ချိပေးနေမှာပါ။ ယခုကျွန်မတို့ရဲ့ အမျိုးသားရေးလုပ်ငန်းကြီး အောင်မြင်ရေးအတွက် ပြည်သူသာလျှင်အဓိကပါ။

*****